- " ကိုယ်တော်မြတ်သည် မိမိအိမ်သူအိမ်သားများ၏ အလုပ်ကိုထမ်းဆောင်တော်မူသည် (ဆိုလိုသည်မှာ မိသားစုအတွက်စီမံလုပ်ကိုင်ပေးတော်မူသည်)၊ ထို့နောက်

ဆွလာသ်အချိန်ရောက်လျှင် ဆွလာသ်ဝတ်ပြုရန်အတွက်

ထွက်ခွါသွားတော်မူလေ့ရှိသည်။

အတ်စ်ဝဒ် ဗင်န် ယဇီးဒ် က ဆင့်ပြန်ခဲ့သည်။ ကျွန်ုပ်သည်အာအိရှဟ်(ရဿွိယလ္လာဟုအန်ဟာ)အား "နဗီတမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် မိမိ၏အိမ်တွင်မည်သို့ပြုမူလုပ်ဆောင်တော်မူလေ့ရှိသနည်း"ဟု မေးမြန်းခဲ့ရာ သခင်မက ဖြေကြားသည်မှာ
- " ကိုယ်တော်မြတ်သည် မိမိအိမ်သူအိမ်သားများ၏ အလုပ်ကို ထမ်းဆောင်တော်မူသည်
(ဆိုလိုသည်မှာ မိသားစုအတွက် စီမံလုပ်ကိုင်ပေးတော်မူသည်)၊ ထို့နောက်
ဆွလာသ်အချိန်ရောက်လျှင် ဆွလာသ်ဝတ်ပြုရန်အတွက် ထွက်ခွါသွားတော်မူလေ့ရှိသည်။
[صحيح] [رواه البخاري]

မုအ်မင်န်တို့၏ မိခင်မွန်ကြီး အာအိရှဟ် (ရဿွိယလ္လာဟုအန်ဟာ)အားနဗီတမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)၏ အိမ်တွင်ရှိစဥ်အခါအ‌ခြေအနေနှင့်ပတ်သတ်၍ ကိုယ်တော်သည် မည်သို့ပြုမူဆောင်ရွက်တော်မူလေ့ရှိသနည်းဟုမေးမြန်းခဲ့ရာ သခင်မက ဖြေကြားသည်မှာ - ကိုယ်တော်မြတ်သည် သာမန်လူသားတစ်ဦးပင်ဖြစ်တော်မူပြီး အမျိုးသားများ မိမိတို့၏ အိမ်များတွင်လုပ်ကိုင်လေ့ရှိသည်များကိုပင်လုပ်ကိုင်တော်မူသည်။ မိမိကိုယ်တိုင်နှင့် မိသားစုအတွက်ကူညီလုပ်ကိုင်ဆောင်ရွက်ပေးတော်မူလေ့ရှိသည်။ မိမိ၏ ဆိတ်နို့ကိုကိုယ်တိုင်ညှစ်တော်မူသည်။ မိမိ၏ အဝတ်အစားကို ကိုယ်တိုင်ချုပ်ဖာတော်မူသည်။မိမိ၏ဖိနပ်ကို ကိုယ်တိုင်ပြင်ဆင်တော်မူသည်။ မိမိ၏ရေပုံးကိုကိုယ်တိုင်တည့်မတ်တော်မူသည်။ ထို့နောက် ဆွလာသ်အတွက် အိကာမသ်ဆိုလိုက်လျှင်မဆိုင်းမတွဆွလာသ်ဝတ်ပြုရန်ထွက်ခွါသွားတော်မူလေ့ရှိသည်။

https://sunnah.global/hadeeth/my/show/6220